# ရွှေမန်းနှစ်တရာ



## မင်းတုန်းမင်းပုံ

အဘိုး ၅၀-ပြား ယုဝရောင်စုံပုံနှိပ်တိုက်မှ ဖြန့်ချိသည်

စာရေး—ဆရာကြီး

စစ်ကိုင်း၊ ဦးဘိုးသင်း၏

# ပဏာမ မိတ်ဆက်

ဤစာစောင်ကို ပြုစုဖြန့်ချီသော ဦးဘလွင်ကို ကျွန်ုပ်များစွာပင် ချီးကျူးပါသည်။ အဘယ်ကြောင့် ဆိုသော် ဤစာစောင်ကို သာမံအားဖြင့် ရေးနိုင်ရန် အလွန် ခဲယဉ်းပါသည်။

ဤစာအုပ်၌ မြန်မာအစိုးရတို့ ဖွဲ့စည်းအုပ်ချုပ်ထားပုံ အကျဉ်းချုပ်သည် အလွန်အဘိုးတန်၍ ပလ္လင်ကိုးခန်းဖွဲ့ထားကာ နေရာနေရာ အခါအခါနှင့် မြန်မာဘုရင်တို့၏ အသုံးပြုသောထုံးတမ်းသည် ခေတ်လူငယ်တို့ သိထိုက်သော သဘောများပင်ဖြစ်လေသည်၊

ရေသည်ပြဇာတ်၌ (ရွှေတော်ယူရပ်)ဟု ဦးပုညသည် ထည့်ရေးသွားသည်။ ထိုအရပ်သည် မည်သည့် အရပ်မျိုးဟုပင် သိရန်ခဲယဉ်းပေသည်။ ဤစာစောင် ငယ်ကသေချာစွာ ဘော်ပြထားသည်မှာ အလွန် အဘိုးတန်လှ ပေသည်။

ထိုစာစောင်ကိုဘတ်ခြင်းဖြင့် မြန်မာတို့သည် မည်မျှလောက် ယဉ်ကျေးဘွယ်ရာခြင်း၌ အထက်တန်းရောက်ခဲ့သည်ကို သိသာထင်ရှားရန်မှာ ပလ္လင်ကိုးခန်း ဖွဲ့စည်းထားပုံသည်ပင် ထင်ရှားသော သာဓက ဖြစ်နေသည်၊

ထိုသဘောကို ပစ္စိက္ခလူငယ်များနှင့် အနုစဂတ် လူငယ် များသည် အထူးသတိပြုသင့်၍ ဤကမ္ဘာ ပေါ်၌ မည် သည့် ဘောရောင်နိုင်ငံမှာမှ ထိုကဲ့သို့ခမ်းနားကာ စည်းကမ်း ထားခြင်းမရှိသည်ကို သတိပြုသင့်ပေသည်။

မြန်မာလူမျိုးတို့သည် (အနိစ္စဝတ သင်္ခါရာ) ဟူသော သဘောအတိုင်း ထီး၊နန်းသုဉ်းခဲ့သော်လည်း ကျန်ရှိသေး သော ထီးနန်းကြီးကို ကျွန်ုပ်တို့ ငယ်ငယ် က မြင်ခဲ့ရရာ ဇာတိသွေးသည် ကျွန်ုပ်တို့၏ နှလုံးသွေးကို ရိုက်ခတ်၍ မြင့်တက်ကြွစေခဲ့သည်။ ယခုရွှေနန်းတော်ကြီး၊ နန်းမြင့် ပဟိုရ်စည်တို့သည် အဘယ်မှာနည်း။ ပင်လယ် ဝါးပြွတ်ို သည် ကျွန်ုပ်တို့၏ မြင့်မြတ်သော အထိန်း အမှတ်ကြီးကို ပြာဖြစ်ခဲ့ကြစေလေပြီ။

ထို့ကြောင့် ပစ္စိက္ခနှင့် နောက်လူငယ်တို့သည် ကျွန်ုပ် တို့၏ မည်မျှလောက်ယဉ်ကျေးသည့် အထိန်းအမှတ်ကြီး ကို အသို့လျှင် မြင်နိုင်၊သိနိုင်ပါအံ့နည်း။

ကျွန်ုပ်တို့ သည် ငယ်ငယ်က ကျောင်းနေစဉ် အခါ နန်းတော်ထဲကိုရောက်၍ တောင်ဉယျာဉ်၊ မြောက်ဉယျာဉ် တို့သို့ လည်းကောင်း။ မှန်နန်းဆောင်သို့ လည်းကောင်း ခဏခဏ ဝင်ရောက်ကြည့်ရှုရသည်ကို ထင်ယောင်၊ မြင် ယောင်ဖြစ်လာသဖြင့် ကျွန်ုပ်၏ ကလောင်သည် ရှေ့သို့ မဆက်နိုင်တော့ပါ။ မောင်မယ်တို့ ဤစာစောင် ငယ်ဖြင့် ကျွန်ုပ်တို့၏အမျိုးသည် မည်မျှထိ ခမ်းနား မြင့်မြတ် ခဲ့ သည်ကို နှလုံးအိမ်တွင်တံဆိပ်ခတ်ပါလေကုန်လော့။

စာစီရေး–ဆရာကြီး

စစ်ကိုင်း–ဦးဘိုးသင်း။

# အညွှန်း

ရဲဘော်ထော်လော်—ရေးသည်။

မန်းရာပြည့် ပွဲတော်ကြီးကို အကြောင်းပြုပြီး စာအုပ်စာတမ်းများ အရှိုရှိုထွက်ပေါ်လာကြပေသည်။

ထွက်ပေါ် လာသမျှ စာအုပ်တိုင်းပင် မန္တလေး မြို့၏ ရှေးဖြစ်ဟောင်း အောင်းမေ့ဘွယ်ရာအဖြစ်အပျက်များကို မိမိတို့စုဆောင်းရသမျှ ဗဟုသုတအဝဝဖြင့် စုံလင် စွာ ရေးသားဖော်ပြကြသည်ကို တွေ့ရှိရသည်။

မန္တလေးမြို့သည်ကား စာပေ မျက်စေ့နှင့် သော်ငှင်း ရာဇဝင် မျက်စေ့နှင့် သော်၎င်း။ ကြည့်မကုန် ရှုမကုန် လောက်အောင် မှတ်တမ်းပြုစရာတွေ ပေါများ လှသည့် ရာဇဝင်မြို့တော်ကြီးတမြို့ ဖြစ်ပေသည်။

လေစကီ အကျိုး၊ လောကုတ္တရာအကျိုး စသည်တို့ကို လည်း မန္တလေးမြို့အနေဖြင့် ကြည့်လျှင်ထိပ်ဆုံး တန်းမှ နေ၍ အကျိုးပြုနိုင်သော မြို့ကြီးတမြို့ ဖြစ်သည်ကို ကား မည်သူမျှ ငြင်းဆန်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပင် ရာဇဝင်ဆရာများက မန္တလေးမြို့ အကြောင်း ရေးသား ရာ၌ အံ့မခန်းချီးကျူးမကုန်အောင်အမွှမ်းတင် ရေးသား ပြုစု ထားကြသည်ကို တွေ့ရှိကြရရုံမျှမက တေးဂီတ စာရေးဆရာများကလည်း မန္တလေး အကြောင်းကို တ ခမ်းတနား စာစီကုံး၍ တေးချင်း သီထား ကြခြင်း ကို တွေ့ရှိနိုင်ကြပေသည်။

ဤသို့ဖြင့် စာပေပုဂ္ဂိုလ် ကျော်ကြီးတို့ မွေးထုတ်ရာ မြို့တော်မန္တလေး ဗမာ့အနုပညာ အရပ်ရပ်တို့ကို တည်ထွင်ထုတ်လာရာဖြစ်သောမြို့တော်မန္တလေး ရာဇဝင် စာတင်၍ မကုန်နိုင်လောက်သေ၁ မြို့တော်မန္တလေး လောကီ လောကုတ္တရာ ဂုဏ်ခြပ်တို့နှင့် ပြည့်စုံ ကြွယ်ဝလှသော မြို့တော်မန္တလေး ယဉ်ကျေးမှုအဝဝတွင် သူမတူအောင် ရှိလှသော မြို့တော်မန္တလေး ပညာရှိ သုခမိန် အကျော်အမော်မှန်သမျှ ကိန်းအောင်း ရာ မြို့တော် မန္တလေး စသည်ဖြင့် ကြက်သရေ မင်္ဂလာအဖြာဖြာနှင့် စုံလင်စွာရှိသော မန္တလေးမြို့တော်၏ အကြောင်းအရာတို့ကို မိမိတို့ သုတေသန ပြုစုရသမျှတို့ဖြင့် စာအုပ် စာတမ်းများ ရိုက်နှိပ်ထုတ်ဝေကြသည့် စာရေးဆရာ ကလောင်ရှင်တို့အား ဤစာရေးသူအနေဖြင့် ကျေးဇူးတင်မဆုံးအောင် ရှိလှပေသည်။

ယင်းသို့ မန်းရာပြည့် ပွဲတော်ကြီးကို အကြောင်း ပြုပြီး မန္တလေး မြို့တော်၏ အကြောင်း အရာများကို စာအုပ် စာတမ်းများကို ရိုက်နှိပ် ထုတ်ဝေကြသော ပုဂ္ဂိုလ်များ အနက်ဤစာအုပ်ငယ် ကိုရိုက်နှိပ်ထုတ်ဝေသော လက်တွေ့ လောကဓါတ် သိပ္ပံနည်းပြဆရာ ဦးဘလွင်ကိုလည်း ဤ စာရေးသူ အနေဖြင့် ချီးကျူး ဂုဏ်ပြုရမည်သာ ဖြစ်ပေသည်။

ဦးဘလွင်မှာ မိမိလက်တွေ့ ဆည်းပူး ထား ရှိသည့် လောကဓါတ်သိပ္ပံပညာအရပ်ရပ်တို့ကိုဗမာပြည်အတွင်း ရှိ စာသင် ကျောင်း များသို့ လက် တွေ့ နည်းအားဖြင့် လှည့်လည် ပြသလျက်ရှိသော လောကဓါတ် သိပ္ပံဆရာ တဦးသာဖြစ်ပေသည်။ ၎င်းပြသသည့် ပညာ ရပ်များနှင့်

ပေါ်တ်သက်၍လည်း ဗမာပြည်ပညာရေးလောကမှ အရာရှိ, ကြီးငယ်တို့၏ ထောက်ခံချက် ဂုဏ်တူးဆောင် လက်မှတ်များ အများအပြား ရရှိထားသည့် ပုဂ္ဂိုလ်တဦးဖြစ်ပေသည်။

ဦးဘသွင်သည် ဤသို့အားဖြင့် မိမိတတ်မြောက်ထားသော ပညာရပ်တို့ဖြင့် ဗမာပြည်အရပ်ရပ်သို့ လှည့်လည်၍ ကျောင်းသား သူငယ်များကို လက်တွေ့ ဗဟုသုတတို့အား အတတ် နိုင်ဆုံး ဖြန့်ဖြူး ပေးလျက် ရှိနေရုံ မျှဖြင့်အားမရတင်းမတိမ်နိုင်သေးသည့် အားလျော်စွာ ဤမည်သော "ရွှေမန်း နှစ်တရာခေတ်အခါ" စာအုပ်ကို မန်းရာပြည့် ပွဲတော်ကြီးတွင် ဇွဲလုံးလစိုက်ထုတ်၍ ၎င်းစပ်စုရသမျှ မန္တလေး ဗဟုသုတများကို တိုတိုနှင့် လိုရင်းချုပ်ခါ စာမှတ်တမ်းပြုထားခြင်းဖြစ်ရာ ဘတ်ရှုသူမိတ်သဟာအပေါင်းတို့မှာ စ–လယ်–ဆုံး ဘတ်ပြီး ထိုက်တန်သည့် အကျိုး ဖြစ်ထွန်းနိုင် ကြပါစေဟု ဆုတောင်းထောပနာ ပြုလိုက်ပါရတော့သည်။

ရဲဘော်–စထော်လော်၊

## စကားအညွှန်း။

ဤစာအုပ်ထုတ်ဝေရခြင်းမှာ မန္တလေးမြို့၏သို့မဟုတ် ကုန်းဘောင်မင်းဆက်၏ရာဇဝင် နန်းတွင်းရေးရာ လွှတ်တော်နေ့စဉ်မှတ်တမ်း ရာဇသေ၀က အစရှိသောရာဇဝင်ကြီး ရာဇဝင်ငယ်တို့ ရေးသားကြသော စာအုပ်များသည် အလွန်ပေါများလှပေသည်။ သို့သော်ခေတ်အလိုက် တန်ဘိုးကြီး မြင့်နေ၍ လူတိုင်း ဝယ်ယူ မဖတ်ရှုနိုင်ကြပေ။ ဤ "ရွှေမန်း နှစ်တရာနှင့် ခေတ်အခါ" စာအုပ်သည် အဘိုးနည်း အိုးကွဲမျိုးမဟုတ် အဘိုးနည်းနည်းနှင့် တာဝန်ကြီးစွာ ပါမည်ဖြစ်၍ အဘိုးနည်းဝန်ပါဟု ခေါ်လောက်အောင် ကျဉ်းကျဉ်းနှင့် ပြည့်စုံနိုင်သလောက် ပြည့်စုံအောင် ထည့်သွင်းဖော်ပြသွားရပေမည်။သုတေသနရှာမှီးသူနှင့် ကလေးသူငယ် စာဘတ်များပင်လျှင် မှ ဘိုးမျှနှင့် ဝယ်ယူနိုင်ပေသည်။ အချို့နေရာများတွင် သပ်ပုံကိုမငဲ့ဘဲ ကာရန်နှင့်အသံ အဓိပ္ပါယ်ကို ရေးသားတွေ့ရှိပါက အပြစ်တင်ကင်းရန် ခွင့်ပြုပါမည့် အကြောင်း တောင်းပန်ပါသည်။

ဦးဘလွင်

လောကဓါတ်သိပ္ပံ–နည်းပြဆရာ။

# ရွှေမန်းနှစ်တရာ

ရတနတ္တယံ အဟံ ဝန္ဒာမိ

## ရတနာပုံမြို့တည်နှစ်
### တေးထပ်ဆောင်ပုဒ်။

စေ်ဒွေးယုအဋ္ဌာ ကုမ္ဘာသ။ ဆန်းရှစ်ရက်ကျ
ဂဠုန်နေ့အခါ၊နံနက်လေးချက် ကျော်၍သာ
ပြီ၊ လေးနာရီနော့် ပါဒ်ပြည့်ထား ။ ။ ဝိဇ
နာဆယ့်နှစ် လေးပြန်နှစ်ခရာတွင်၊ရှေးမြန်
မာ ဘုရင်ဓါတ်ကိန်း တည်လျက် သား။ ။
မိဿစန်းနှင့် ကုမ်လက်မှန်သည် ဘုံကနက်
ပျံကြက်သရေပွား။ ။တုံပွက်လျှံအောင်
အထက်ပြေ သိကြားသို့၊ တက်နေ့ အလား
ရွှေဘုန်း တော်။ ။ ဗုဒ္ဓ ကြွင်းနော့် နစင်း
သောကြာ။ ။ နှစ် ဆယ့် လေးက တပါတ်
ခုနှစ်ဃင်္ဂိအကျော်၊ဆယ့်နှစ်ဖဝါး ပြည့်ချိန်

အတော်အမှာ ကဝိရှိန်ကျော် အခါ ရောက်
၍ ရတနာအမြေစက် ဘောဟိုသံ တီးမှတ်
ဆူည ။ ။ရတနာပုံ မြို့အခြေ တည်ပြန်၊ ရွှေ
ပြည်နိုင်ငံထူစိုက်ပါလို့ လေး....။ ။

ဟူ၍ မန္တလေးမြို့တည်သောခုနှစ် သက္ကရာဇ်ကို ရှေး
ပညာရှိများ မှတ်သားထားသောကြောင့် အလွယ် တကူ
မှတ်ယူ၍ သိရှိရပေသည်။ကျေးဇူးကြီးပေစွ။

## ( ယခုခေတ် )

စာရေးဆရာများသည် မယ်ဘွဲ့၊မောင်ဘွဲ့ စာမျိုးထက်
အထက်ပါ သုတေသနနှင့် မြန်မာ အစဉ် လာ မပျောက်
ထိုက်သော အရာများကို မှတ်တမ်း တွင်ရစ်အောင် ရေး
သားမည်ဆိုက မြန်မာစာပေလောက ယခုထက် ပိုမိုထွန်း
ကားလာပေမည်ကား အမှန်မလွဲတည်း။

### (အထက်ပါတေးထပ်၏အဓိပ္ပါယ်မှာ)

ကောဇာသက္ကရာဇ် ၁၂၁၈–ခု–ကုမ်ရာသီ ခေါ်သော
တပို့တွဲ လဆန်း၏ ၈–ရက်တနင်္ဂနွေ နေ့ နံနက် မြန်မာ
၄–ချက်တီးကျော် –၄–နာရီပါဒ်ပြည့် –၁၂–ဗိဇနာ–၄–
ပြန်–၂–ခရာ အချိန် မိဿစန်း ကုမ်လင် ဗုဒ္ဓဟူး တြင်း
သောကြာနဝင်းစဉ် ၂၄–လုံး –၁–ပါဒ်–၇–ဃဋီ– ၁၂
ဘဝါးအချိန် ရတနာပုံရွှေမြို့တော် ပန္နက် စိုက်ထားတည်
တော်မူသည်၊

## (ရတနာပုံ)

ဤ လေးလုံးသော အက္ခရာ ကို အချို့ဆရာ များက နိဂ္ဂဟိတ် နေရာတွင် (ပုန်) ဟူ၍ နငယ်သတ်နှင့် ပြကြ၏။ ပြည့်စုံခြင်းအနက်(ပုဏ်)ဏကြီးသတ်နှင့် ပြကြ၏။ စိုက်ထူထားသော **မော်ကွန်းတိုင်မှာ**။

သက္ကရာဇ်–၁၂၂၁–ခု၊ကဆုန်
လ ပြည့်ကျော် –၆– ရက် နေ့
ညဉ့် ၃ချက်တီးကျော်–၇–ရက်
တနင်းလာနေ့ အဝင်–၄=နာရီ
၂–ပါဒ် အချိန်တည်ရတနာပုံမ်
ရွှေမြို့တော်ကြီး ဦးထိပ် တံခါး

ဤကဲ့သို့–၆–ကြောင်းနှင့် ပြီးအောင် ရေးမှတ်ခဲ့လေသည်။ စာခြောက်ကြောင်းနှင့် အက္ခရာ တလုံးစီ ကူး၍ ရေးသားခြင်းမှာ သရေခေတ္တရာပြည် တည်သော အခါ လူခင်း၏မြို့ကို ရသော ၊ သိကြား၊နဂါး၊ ဂဠုန်၊ ပရမေသူရာ၊ မဟာဝိဿနိုး၊ သူမြတ်ခြောက်ဦးတို့ပြုစု၍ ထင်ရှားစေခြင်းငှါ စာခြောက် ကြောင်းရေး သည်ဟု ရွှေဘုန်နိဒါန်းမှာဆိုသည်။

**မြို့တည်နှစ်နှင့် မော်ကွန်း တိုင်သည် ဘာ ကြောင့် ခုနှစ်ခြင်းမညီကြပါသနည်း။**

ပဌမ သံဂါယနာတင် မင်းတုန်းမင်း တရားကြီးသည် ဝါတ်သိုက်ကိမ်းခမ်းအရ မြတ်စွာဘုရားသစသနာ တော်

နှစ်–၂၄၀၀၊ ပြည့်သော အခါ တည်တော်မူလေသည်။ (ကောဇာ–၁၂၁၈၊ခု–ကိုတည်)ဒွေးအဌနှင့် ကေ ကော နောတုံပါက၊ သာသနာသက္ကရာဇ်–အတိတ် ဖြစ်၏ဟုဆို သောကြောင့် ၁၁၈၂–ကိုရောလျှင် ၂၄၀၀–နှင့်ညီသော ကြောင့် မြို့တည်နှစ်မှာ ၁၂၁၈–ခု မှတ်ယူရမည်။ မော်ကွန်းတိုင်၏စာမှာ မြို့တည် ပြီးသောနှစ်ဟု ။မှတ်ပါလေ။ (ရတနာပုံ) ဟူသော လေးလုံးအက္ခရာသည် နံသင့် သင်္ချာနည်း အရ ၈–၇–၇–၅ ပေါင်းသော် ၂၇– လုံး နက္ခတ်နှင့်ညီ၍ သတ္တုဗီသကြေလေသည်။

## မန္တလေး

ဗျာဒိတ်ပေး **မန္တလေးတောင်**၊ မန်းစက်ရိပ်၊ မြေပုံသာ ဟူသော ကြန်အင်လက္ခဏာ ဘုမ္မိနက်သန် ကောင်းသော ထူး မြတ် သည့် နေရာ ဖြစ်၍ (မန္တရေး) ၎င်းနောက် ရ ကောက်သံလျှာလိစ်၍ (မန္တလေး–မန္တလေး)ဟူ၍အများ ခေါ်ဝေါ် သုံးစွဲခြင်း သာလျှင် မူလဖြစ်လေသည်။ အချို့ ကား မန္တလေးတောင်ကို အစွဲပြု၍ ခေါ်သည်ဟု ပြော ကြ၏။၎င်းတောင်ကို(ဦးခန္တီအောင်း)မန်းတောင်စောင်း နံသင့်အား ဖြင့်၁၂၇၁–ခု–ဦးခန္တီပြုပြင်ခဲ့လေသည်။

## "အကျဉ်းရေးစာအုပ်ဖြစ်၍"

၁၂၁၈–ခု၊ တပို့တွဲ လဆန်း ၈–ရက် တနင်္ဂနွေနေ့ မန္တလေး တောင်ခြေတော်– မဟာ မြတ်မုနိ ဘုရားကြီး

မြောက်–မြေမြို့ရိုးအထိ၊ အရှေ့တောင်ကို– အောင် ပင်လယ်ကန်၊ ကန်ပေါင်ရိုးက အနောက်ကို– ရွှေဘချောင်းအထိ ဤအတွင်းတော့ရှင်းရသည်။

၁၂၁၈–ခု တပို့တွဲလပြည့်ကျော် ၅–ရက်သောကြာနေ့ ရွှေမြို့တော်–ရွှေနန်းတော်–ကျုံးတော်များ နေရာကို ပန်းသုံးတိုင်စိုက်၍ မြေပြင်ညှိကြသည်။

တပေါင်းလဆန်း ၁၂–ရက် သောကြာနေ့ မြို့တော် နန်းတော် မြေများစံနှစ်ရ၏။

၁၂၁၉–ခု ဝါခေါင်လဆန်း ၄–ရက်သောကြာနေ့ ရွှေနန်းတော်ပတ်လည် သစ်တပ်တော် တိုင်စိုက်ရန် တပြိုင်တည်း တွင်းဝန်းတူး၍ စိုက်ထူသည်။

ဝါခေါင် လပြည့်ကျော် –၃–ရက် သောကြာနေ့ ရွှေနန်းတော် ဆောက်လုပ်ရန် သစ်တုံးများ ခုတ်ရွှေသည်။

ငင်း နှစ် တံ ဆောင်း မုန်း လပြည့်ကျော် –၆– ရက် သောကြာနေ့ နန်းတော်တိုင်များကိုချောစေသည်။

တံဆောင်မုန်းလပြည့်ကျော် –၁၃– ရက် သောကြာနေ့ နန်းတော်သစ်များကို တောစာ ပယ်သည်။

နတော်လဆန်း –၈– ရက် တနင်းလာနေ့၊ နန်း တော် ပျဉ်များလွှတင်သည်။

၎င်းနှစ် နတော်လဆန်း ၁၂-ရက် သောကြာ နေ့ မျဉ်းကြိုးဆွဲ၍ နန်းတော်၊ မြို့တော်၊ ပန္နက်စိုက်၍ မြေစတူး သည်။ မြို့ရိုးလုပ်ရန်အုဋ်စဖုတ်သည်။

နတော်လပြည့်ကျော် ၄-ရက် သောကြာနေ့မြို့တော်ရာ အရှေ့ အင်္ဂလိပ်ဒေါင့်ကစပြီး ဂြိုဟ်နေစဉ်အတိုင်း ပတ္တမြားအုတ်၊ ရွှေအုတ်တို့ဖြင့် နန်းမြို့ရိုးအုတ်မြစ်ချသည်။ ၎င်းနေ့တွင် ရွှေနန်းတော်၊ မှန်နန်းတော် ဆောက်လုပ်ရန် သစ်တော်တဆယ်ကို အနောက်မျက်နှာ စည့်ရှည်ဂါတ်တံခါးမှ ပွဲသဘင်ခင်းကျင်း၍ သွင်းသည်။ မင်းတရားကြီးလည်း ယာယီစံနန်းတော်မှ ကြည့်ရှုတော်မူသည်။

၎င်း နှစ် ပြာသိုလဆန်း -၁၄-ရက် တနင်းလာ နေ့ နန်းတော်ရိုက်ရန် သံများကိုစ၍ချွန်သည်။

ပြာသိုလပြည့်ကျော် -၂-ရက် ကြာသာပတေး နေ့ နန်းတော်တိုင်များ သန္တွေးဆေးကြောရသည်။

ပြာသိုလပြည့်ကျော် ၆-ရက် တနင်းလာနေ့သစ်ထုတ် လျောက်တန်းများ စ၍ချောစေသည်။

ပြာသိုလပြည့်ကျော် -၈-ရက် ဗုဒ္ဓဟူးနေ့ နန်းတော် မြို့တော် နှံထားရန် နတ်ရုပ်များထုလုပ်သည်။

၎င်း နှစ် တပို့တွဲလဆန်း -၁၂-ရက် တနင်းလာ နေ့ ရွှေ နန်း တော် မြေ ရာ ကို စံနှစ်၍ လဆန်း -၁၄- ရက်

နန်းတော်မြေရာ ရှစ်မျက်နှာ၊ တံခါးဆောင်း ရှစ်ရပ် တွင် သံဃာတော်များ ပင့်၍ ပရိတ်တော်မွန်းပြီးလျှင် ပွဲသဘင် ကျင်းလျက် လဆန်း ၁၅–ရက်ကြာသပတေးနေ့နန်းတော် ဆောခင်များ ပန္နက်ချသည်။နှ ထားရန်အင်းတော်များစ၍ ရေးသည်။

၎င်းနှစ် တပို့တွဲလပြည့်ကျော် ၁–ရက် သောကြာ နေ့ ငြမ်းတိုင်ပန္နက်စချသည်။

တပို့တွဲလပြည့်ကျော်–၂–ရက် စနေနေ့ ရွှေ နန်းတော် အဆောင်ဆောင်များကို တွင်းဝန်းတူးစေသည်။

တပို့တွဲလပြည့်ကျော် ၅–ရက် အင်္ဂါနေ့ ရွှေနန်း တော် ကြီးနှင့် အဆောင်ပေါင်း များစွာတို့ ငြမ်း တကြိမ် တည်း ထူသည်။

၎င်းနှစ် တပေါင်းလဆန်း–၅–ရက် အင်္ဂါနေ့ ပဟိုရ် စည်တိုင်တွင် အင်းတော်များနှ ထားသည်။

တပေါင်းလဆန်း–၁၂–ရက် အင်္ဂါနေ့ ရွှေဓါး ငွေဓါး ရွှေပုဆိမ်၊ငွေပုဆိမ်တို့ကို အရှေ့တောင်ထောင့်ကအနောက် တောင်ထောင့်သို့ ထိမ်း စေ လျက် ပရိဝါ ကြငှန်း သစ်ကို အရှေ့တောင်အရပ်၊ အာယုကြငှန်းသစ်ကို တောင်အရပ် မူလကြငှန်းသစ်ကို အနောက်တောင် အရပ်တွင် ယူစေ သည်။

တပေါင်း လဆန်း ၁၄-ရက် ကြာသပတေးနေ့ ရွှေနန်းတော်ကြီးနှင့် အဆောင်ပေါင်းများစွာတို့၏ တိုင်များကို နေ့ကျော်သားတို့၊ သစ်ရင်း၊ သစ်လယ်၊ သစ်ဖျား မခွဲ၍ တိုင်ထူခတ်သည်။ မှန်နန်းတော် ကွန်း-၅-စဉ် သစ်။ ပြာသာဒ်တော် ကွန်း-၅-စဉ်သစ်။ တူစိုက်သည့်အခါ တိုင်တလုံးလျှင် ထီးဖြူတချက်စီ အုပ်မိုးထားရသည်။ ရွှေနန်းတော်ကြီးတိုင်ထူခတ်ရာ ခမ်းနားကြီးကျယ်သော မင်္ဂလာ အခါတော်ဖြစ်၍ အကျဉ်းခံရသော ရာဇဝတ် သားများကို ဘေးမဲ့လွှတ်တော်မူသည်။

...ငင်းနှစ် တပေါင်း လပြည့်ကျော် -၃-ရက် အင်္ဂါနေ့ ရွှေနန်းတော်၊ မှန်နန်းတော်မှစ၍ အဆောင်ဆောင် သော နန်းတော် တိုင်များကို နေ့ကျော် သားတို့ စခွဲ ရွေးစေသည်။

တပေါင်းလပြည့်ကျော်-၆-ရက် ကြာသပတေး နေ့ မှန်နန်းတော် ပြာသာဒ်ဆောင်ပုံများကိုစ၍ဘင်သည်။

ငင်းနှစ် နှောင်းတကူး လဆန်း ၉-ရက် အင်္ဂါ နေ့ ရွှေနန်းတော် ဆောင်မှစ၍ အဆောင်သော တိုင်များ ကို နေ့ကျော်သားတို့ ယက်မဖေါက်ထွင်းသည်။

နှောင်းတကူးလဆန်း -၁၄-ရက် စနေနေ့ မြို့ရိုးဒေါင့် လေးရပ်နှင့် မြို့ပေါက်ရှိဂူနှင့်တကွ ပဇာပတိ နတ်ရုပ်များ ကို လိပ်ပြာသွင်းစေသည်။

နောင်းတကူး လပြည့်ကျော်-၁၃-ရက် စနေနေ့ နန်းတော်အမှုန်းဒုရင်များ သွင်းနှံရန် ပရိတ်များကို ရွှေပြား၌ရေးသည်။

၁၂၂၀-ပြည့်နှစ် ကဆုန် လဆန်း-၇-ရက် တနင်္ဂနွေနေ့ မှန်နန်းဆောင်မှစ၍ မြေနန်းပြဿဒ်တော် အဆောင်ဆောင်တို့ကို မင်းညီမင်းသား မှူးကြီးမတ်ကြီးနှင့် အရာထမ်း အားလုံးတို့ကို ပေးအပ်တော် မူသော ပေါင်း နှားငှောင်း အဆောင် အရောင်မျှစ ဝတ်စေလျက် ကိုယ်စီတာဝန်ခွဲဝေ၍ ပွဲသဘင်ကြီးစွာ စီမံလျက် ပြဿဒ်တော်ကြီး ထီးနှင့်တကွ ဒုရင်ကြေးကွေးအမှုန်း အပြောက်များကို တင်သည်။ အခါ တော် ရ သည်နှင့် တောင် နန်းမြောက်နန်း တောင်ပန်းခုံ မြောက်ပန်းခုံ တံခါးနီ မြို့ရိုးတော် မှစ၍ အကြီးအကြပ်နှင့်အုဋ်မြစ်ချသည်။ကဆုန်လဆန်း-၉-ရက် အင်္ဂါနေ့ မြို့လေးထောင့် အုဋ္ဌဂျူ တံခါးနီရွေးတော်ယူတံခါး လက်ျာဝင်းလက်ဝဲဝင်း နောက် ဝင်းတံခါး နန်းမြို့ရိုးများကို ကျောက်သေတ္တာ ဓါတ် ခြောက်ပါး ကြေးပြား အင်းသနှံထား၍ မင်းဓါပရိဝါရ အာယုအရပ်များတွင် ကြငှန်းသုံးရပ်တိုင်များကို နှံထားစိုက်ထူသည်။

ကဆုန် လပြည့်ကျော်-၁၁-ရက် သောကြာနေ့ တချက်တီး ကျော် ငါးမောင်း အချိန် မိုး သည်းစွာ ရွာ၍ ပြဿဒ်တော် ထီးဖျားလက်ဝဲဘက်ရှေ့စွန် လက္ခံတိုင်တစ်သည်မတိုင်တစ် ကွန်းစဉ်တစ်များကို နတ်စက် မိုးကြိုး ပြ

သဖြင့် သံတော်ဦး တင် ကြ ရာ မင်း တရား ကြီးလည်း မြတောင်မြို့စား သေနတ်ဝန်ကြီး ကြီးကြပ် လုပ် ဆောင် သော ပြဿဒ်တော်ကို မိုးကြိုးပြသည့်မှာ မြတောင် ဝန် သည်လက်နက်အုပ်ချုပ်ရသောဝန်ကြီးဖြစ်၍ရန်အပေါင်း တို့ အောင်မြင်ရန် နိမိတ်ထူးဖြစ်ကြောင်း ကိုယ်တော် တိုင် အတိတ်ဘတ်ကြားတော်မူလေသည်။

## နန်းတော်အဆောင်များ

နန်းမြို့ တော်ကို (လေးကျွန်းအောင်မြေ)ဟု မ႑ဂိုဏ်း ဘုမ္မစိုးနတ် ဇေ ဋ္ဌ န က္ခတ် ဝရစုတ် ဇာဋ္ဌသင့်၍ ရွှေ နန်း တော်ကို (မြနန်းစံကျော်)ဟု ယဂိုဏ်း တိမ်နတ် သတ္တဗိသျှ နက္ခတ် ဇာဋ္ဌအကျိုးဖြင့် အမည်သမုတ်တော်မူသည်။

ရှေးအစဉ် အလာအားဖြင့် နက္ခတ်-၁၀၈-နဝင်း ကိုး နေ-လ နှစ်ပါး ထည့် သော် -၁၁၀-ဖြစ်၍ နန်း တော် ဆောင်ပေါင်းကား ၁၁၀-ရှိသင့်၏။ သို့သော် အဆောင် ပေါင်းကား -၁၁၄-ဆောင် ရှိလေသည်။ သီ ပေါ မင်း လက်ထက်တော်၌ နန်းမြင့်နာရီတော်ဆောင် သံဖိုဆောင် မှစ၍ များစွာသော အဆောင်များတိုးချဲ့လေသည်။

## ပလ္လင်တော် (၉) ရပ်

၁၂၂၀-ပြည့် နှစ် ကဆုန် လပြည့် ကျော် ၁၁-ရက် သောကြာနေ့ တချက်တီး ကျော် -၅-နာရီ ၂-ပါဒ် ၁၁-ဗိဇနာအချိန် အခါယူ၍ သီဟာသန ရာဇပလ္လင်တော် ယမနေသား ခြသေ့်ရုပ်ခံ မင်းတို့ အပူဇော်ခံရာ ရွှေနန်း

ပြသထားတော်မူ၍ထားသည်။ ဇေတဝန်ဆောင် ဟံသာ သနပလ္လင် သက်ကန်းသား ဟသ်ာရုပ်ခံ ရတနာသုံးပါး ပူဇော်ရာဌာန။

မင်းတို့စက်တော်ခေါ်ရာ မှန်နန်းတော် ဘမ ယာ သနပလ္လင် ကရဝေးသား ပိတုန်းရုပ်ခံသည်။

မင်းတို့ တရားနာရာ လေသာဆောင် သင်္ခါ သန ပလ္လင် တော် တောင်ပိန္နဲသား ခရုသင်းခံသည်။

မင်းတို့ ချီးမြှင့်နှိမ့်ချရာ ဗြဲတိုက် တော် ဂဇာသန ပလ္လင် စကားသား ဆင်ရုပ်ခံသည်။

ဆင်–မြင်း သိမ်းမြန်းရာ မြောက်စမုခ်ဆောင် မရူယါ သနပလ္လင်၊ ပေါက်သား ဥဒေါင်းရုပ်ခံသည်။

မင်းတို့ဆွေးနွေးတိုင်ပင်သည့် တောင်စမုခ် မိဂါ သန ပလ္လင်၊ ရေသဖန်းသား သမင်ရုပ်ခံသည်။

မင်းမိန်းမတို့ ပူဇော်ခံသောအနောက်ဇေတဝန်ဆောင် ပဒုမာသနပလ္လင်၊ သရက်သားပဒုမ္မာကြာခံသည်။

လွှတ် တော် တွင် ဇေတဝန် ဆောင် နှင့် သီ ဟာ သန ပလ္လင်ရှိ၍ ပလ္လင်(၉)ခုံ ဟုခေါ်လေသည်။

## ညီလာခံ

နေ့စဉ်ထာဝရ မင်းသား– မင်းမြေး မှူး တော် ၊ မတ် တော်များနှင့် တိုင်းပြည်ရေး သာသနာရေး နိုင် ငံ ခြား ရေးများ ဆွေးနွေးတိုင်ပင်တော်မူသည်ကို ညီလာခံဟုလိ

ခံမှာ တိုင်းတပါးမှ သံကြီးတမန်ကြီးနှင့် မျက်နှာ စုံညီ ပြောဆိုရန် သော်ငင်း၊ အခမ်း အနားဖြင့် ကန်တော့ကြ သည့် အခါ နှစ်စဉ် နယုန်လဆန်း-၁-ရက် ဝါဆိုလ ပြည့် ကျော် -၁-ရက် သီတင်းကျွတ် လပြည့် ကျော် ၁-၂-၃- ရက် တနှစ်လျှင်-၅-ကြိမ် သီဟာသန ရာဇပလ္လင် တော်သို့ စံတော်မူသည် ထီးဖြူတော်ရှစ်စင်းဖြင့် အမြဲဖွင့်လှစ်ထား ရသည်။

## ထီးဖြူတော်ရှစ်စင်း

ကနက္ကဒဏ်ထီး၊ သူရိယထီး၊ ပဒုမထီး၊ သမုတိထီး လက်ရဲထီး ၄-စင်း။ ကမ္ဗုထီး၊ စန္ဒထီး၊ ကုမုဒ ထီး၊ ဝိသကြို ထီး၊ လက်ျာ ၄-စင်း၊ (ကဝိလက္ခဏာဒီပနီ) ကျမ်းမှဖော်ပြသည်။

## မပြီးသေးပါ

မော်ကွန်းတိုင်တွင်-၁၂၂၁-ခု၊ ကဆုန် လပြည့်ကျော် ၆-ရက် ဟု ရေးသားသော်လည်း လုပ်ဆောင်ရန် များ စွာကျန်လေသည်၊

၁၂၂၁-ခု၊ ကဆုန်လဆန်း ၂-ရက်အင်္ဂါနေ့ ၁-ချက်တီး ကျော်အခါရ၍ မြို့ရိုးပြဿဒ်နှင့် တံခါးပြ တံဆောင်းများ အုတ်မြစ်ချရန် မြေညှိလေသည်။

ကဆုန်လဆန်း ၁၃-ရက် ညဥ့် ၂-ချက်တီး ကျော် ၁၄ ရက် တနင်္ဂနွေနေ့ အဝင် နာရီပါဒ်ပြည့် အချိန် အခါ အမြောက်သံပေး၍ ရွှေမြို့တော်၊ ကျုံးတော်၊ လောကမာ

ရဇိန်စေတီတော်၊ ပဋ္ဌာန်းသိမ်တော်၊ သုဓမ္မာဇရပ်၊ မဟာအတုလဝေယန် (အတုမရှိတိုက်)ပိဋကတ်တိုက်တော် ခုနစ်ဌာနကို အုတ်မြစ်ချရန်ကျင်းတူးသည်။ ၎င်းနေ့ည ၂-ချက်တီးကျော်-၁၄-ရက် တနင်္ဂနွေနေ့အဝင် နှစ်နာရီ ၃-ပါဒ် ၅-ဗိဇနာ ၁-ပြန် ခရာပြည့် အချိန် အဖုံး အပိတ် စုံစဉ့်အိုးကြီးတွင် နှမ်းကြီး ဆီ ၄၀-နှမ်းယင်ဆီ ၄၀-မုံညင်းဆီ ၄၀-ပေါင်း ၁၂၀-ကို ထည့်၍မတိမ်းမစောင်းရအောင် မြို့ရိုးလေးထောင့် ဆီ အိုးကြီး လေးလုံး မြှုတ်နှံထားလေသည်။

၁၂၂၁-ခု ကဆုန် လပြည့်ကျော် -၆-ရက် ညဥ့် သုံးချက်တီးကျော်ခုနစ်ရက် အဝင်လေးနာရီ ၂ပါဒ် ၂-ဗိဇနာ ၅-ပြန် ၅-ခရာအချိန် ရွှေမြို့တော်ကြီးနှင့်၊ ခုနစ်ဌာနအုတ်စီခင်း လုပ်ဆောင်ပြီးလျှင် မြို့ရိုးပြဿဒ်တိုင် စိုက်ထူသည်။

## အုန်မြို့ရိုး ကြီး

သာသနာတော်နှစ် ၂၄၀၈-ပြည့်၌တည်သောကြောင့်အရှေ့၊ အနောက် တပြလျှင် တာ ၅၀-တဆဲ့ နှစ်ပြလျှင် တာ ၆၀၀-စတုရန်း ပါတ်လည် တာ ပေါင်း ၂၄၀၀။ မြို့ရိုးအုတ်မြစ် သံတောင်(၁)တောင် ထု ၁-တာ အုတ်သားအမြင့်သံတောင် ၁၅-တောင် သူ့ရဲခို သံတောင်(၃)တောခင် ၂-ခုပေါင်း ၁၈-တောင်။

မြို့တံခါးပေါက်ကို ရန်သူများ လွယ်ကူစွာ လက်နက်များ မပစ်နိုင်ရန် (မီးတား၊မီးကာ)ဟု ခေါ်သော သူရဲဒိုနှင့် မြို့ရိုးသင်္ကျုံးကဲ့သို့ ၃-တာ ခန့် အချော ကိုင်၍ ထုံး သုတ်ထားလေသည်။

## အကျဉ်းအားဖြင့်

သာသနာတော် ၂၄၀၀-ကတည်သောကြောင့် မြို့ရိုးလေးမျက်နှာ အကျယ်တာ ၂၄၀၀။ ။

တနှစ်လျှင်ရက်ပေါင်း ၃၆၀-ကိုရည်၍နန်းတော်ကွန်းစင်တိုင်ပေါင်း-၃၆၀။ ။

တနှစ်လျှင် သီတင်းပေါင်း -၄၈-ကိုရည်၍ မြို့ရိုးပတ်လည် ပြအိုးပေါင်း-၄၈။ ။

တနှစ်လျှင်-၁၂-လရှိ၍ မြို့တံခါး-၁၂-မင်းတို့၏ ရာဇဂုဏ် ရစ်ပါးနှင့် အညီ ရာဇပလ္လင် ရှစ်ခု၊ မဟ္မင် ရှစ် ပါး စောင့်ထိမ်းရန်ရည်၍ ထီးဖြူတော်ရှစ်စင်းဟူ၍ အသက် ၈၀-ရှိသောပုဂ္ဂိုလ်ကြီးတယောက်ထံမှ မှတ်သားနာယူခဲ့ဘူးလေသည်။

## မြို့တံခါး—၁၂—ရပ်

တေးထပ်

(လွန်ကဲ)ခေါ် (ဦးထိတ်) စွဲလို့ (သောင်းညွတ်)လဲပြုပြ။ (ကျွန်းလုံးယူ)(ကျော်မိုး) ပါ။ဒက္ခိ ကာ (ရန်နည်း)။ (ကြေးမုံ) နဲ့

(စည်ရှည်) ခေါ် (ထင်ရှား)နော် နော်ဘက်
မျက်နှာကြီး။ (စည်သာ)နှင့်(လေးသိမ်း)
မှာ အေးငြိမ်းစွာကပ်မှီး။ (မန်းဦး) နော်
မှတ်ကမ္ဗည်းရယ်နှင့် နဝရတ်ထီး စိန်ရောင်
တာနှစ်ထောင့် လေးရာ စွန်းတခမို့ ရွှေ
စည်ညွန်း နန်းမြို့တည်ထောင်။ ရွှေဘုန်းနှင့်
နေနှုန်းဆောင် ပြေကုန်းဘောင် သမ္ဘိန္နဟာ
မို့ ဒွေးကော် ဂဏန်းမှန်။ မန်းမြို့ နိုင်ငံ။ ရာ
မင်းမင်းပဏ္ဍာပန် နဝဒဏ် ထိမ်လင်း လို့
လေး။....။

အရှေ့မြောက်(အေ၈င်–ပ–ကုလား–ဆွေသား တော်ရင်း) မိတ်ဘက်ခြင်းဆိုသော ဗေဒင်ကျမ်းအရ (လွန်ကဲ) ကုလား မိတ်ဘက်ဖြစ်သည်။ ရာသီအခေါ်ဖြင့် ပြိဿ ရာသီ အိမ်ရှင်နွားရုပ် တံငါတာရာ ဝိသခါနက္ခတ်ထုလုပ်ထားသည်။

အနော္တာ၊ဂမ္ဘော၊စရော၊ဝံသော၊ ဓါတ်ဘက်အရ အရှေ့ဘာ ည့်တည့်(အနော္တာ) ဓါတ်ဦးထိပ်တံခါး၊ သူရဋ္ဌမိဿရာသီ စိတြနက္ခတ် ဆံကျင်၊တာရာ၊ဆိပ်ရုပ်။ ။

အရှေ့တောင် သောင်းညွှတ်တံခါး။ (ဆွေသား) မိတ်နံ မိန်ရာသီ ပုဗ္ဗာဘရဂုဏ္ဏီ နက္ခတ်။ ချိန်ခွင်တာရာ။ ငါးနကောင်အရုပ်။ ။

တောင်မျက်နှာအရှေ့စွန်ကျွန်းလုံးယူတံခါး (ကုလားမိတ်နံ)ကုမ်ရာသီ မာဃနက္ခတ် ချိန်ခွင် တာရာ အိုးထိမ်းသည်ရုပ်။

တောင်မျက်နှာ အလယ် တံခါး ဂဠုဲ ဂါတ် ဘက်ကျော်မိုးတံခါး။ မကာရ ရာသီ။ ဖုသျှနက္ခတ် ပုဇွန်တာရာ မကာရ်းရုပ်။ ။

တောင်မျက်နှာ အနောက်တံခါး (တော်ရင်း) နံဘက် (ရန်နည်းတံခါး)ဓနုရာသီ မိဂသီနက္ခတ် ဟင်္သာ တာရာ လေးစွဲသေယကျွားအရုပ်။ ။

အနောက်မျက်နှာတောင်တံခါး (ဂမ္ဘော)ကြေးမုံတံခါး (ယခုအာဠ္ဗဝိခေါ်သည်။) ဗြိစ္ဆာရာသီ ကြတ္တိကာနက္ခတ် ကျီးတာရာ ကင်းပုစွန်ရုပ်။ ။

အနောက်မျက်နှာ (စရေ)ပါဓဂါတ်(စည်ရှည်) ယခုခေါ် စက်ရှင်တံခါး၊တူရာသီ အဿဝဏီနက္ခတ် ကျီးတာရာ ချိန်ခွင်ပုံသဏ္ဍာန်။ ။

အနောက်မျက်နှာ မြောက်ဘက်တံခါး (တော်ရင်း) နံဘက် (ထင်ရှား) တံခါး ကန်ရာသီပြုပ္ပါပရပိုက်နက္ခတ် မျှင်းတာရာ မိန်းမရုပ်။ ။

မြောက်မျက်နှာ အနောက်တံခါး (ဆွေသား) နံဘက် (စည်သာ)တံခါး၊ သိဟ်ရာသီ သရဝဏ်နက္ခတ် မြင်း တာရာ ခြသေ့ရုပ်။ မြောက်မျက်နှာအလယ်တံခါး (အမြိတ္တစံသေ) ဂါတ်(လေးသိန်း)တံခါး။ ကာရကဋ်ရာသီ ပြုပ္ပါသန်နက္ခတ် ဆင်တာရာ ပုဇွန်လုံးရုပ်။

မြောက်မျက်နှာ အရှေ့တံခါး။ (အောင်ပ) နံဘက် (မန်းဦး)တံခါး။ မေဓုရာသီ ဧဠနက္ခတ် တံငါ တာရာ ယောက်ျားမိန်းမအနေပ်။ ၊မိတ်ဂါတ်နံသင့်လည်း ဖြစ်စေသည်။ အမည်မှာလည်း ကြက်သရေမင်္ဂလာနှင့်ပြည့်စုံကြလေသည်။

ကျုံးသည် တာ ၂၀-ကျယ်လေသည်။နှစ်စဉ်ထာဝရ ရေလဲပေး၍သန့်ရှင်း စင်ကြယ်လေသည်။ ကျုံး ရေသွင်း မြောင်းမှာ အရှေ့ မျက်နှာ မြောက် ထောင့် အတု မရှိ ကျောင်းတိုက်။ တောင်ဘက်မှ နဒီသို့ ဆက်ထား သည်။

## စွယ်တော်စင်

ရွှေနန်းတော်ကြီး၏ အရှေ့မျက်နှာ သစ်တပ် တံခါး၏ တောင်ဘက် စွယ်ကျောင်းအုဋ္ဌပြဿဒ် (သို့မဟုတ်) စွယ်တော်စင်တည်ရှိလေသည်။

## ပဟိုရ်စင်

ဗေဟီ၊သဒ္ဒါ၊ဗေရီသဒ္ဒါ၊စည်ဟောဖြစ်၍ ပဟိုရ် စင်မှာ စွယ်တော်စင်မြောက်ဘက်၊ ကျောက်လမ်းခြား၍ စင်မြင့်နှင့်တည်ရှိလေသည်။ ။ပဟိုရ် တချက်တီးလျှင်-၁၁-ချက် နှစ်ချက်တီးလျှင်-၂၂-ချက် သုံးချက်တီးလျှင်-၃၃-ချက် လေး ချက်တီး -၄၄-ချက် ပေါင်း ၁၁၀-တီး ရသည်။ နက္ခတ် -၁၀၈-နဝင်းကို နေ၊လ နှစ်ပါး ထည့်က -၁၁၀ ဖြစ်၍ အချက်ပေါင်း -၁၁၀-တီးခတ်ရသည်၊ (ဗဟိုရ်) မှာ ဗလယ်ချိုက်နှင့်ရေးသင့်သည်။

## လေးဆစ်အချိုးကဗျာ

လောဟိဘာ တမွ။ သောဠသ ဂဟပဏာ
သတ္တဂ်ုလုဗ္ဘေဒါနှင့်။ မုခေမာနဂ်ု ထား
မှုမှန်စွာ။ ။ဆဲ့သုံး နှစ် ပျိုကညာ ဆံကေ
သာ သွယ် ပြောင်း။ ။ဆဲ့ခြောက် နှစ် ပင်
စင်ရုံ လှစ်လို့ တခါ နှင်လျှင် နာရီ ကြေ့
တီးတော့ငွေမောင်း။ ….။

ဟူ၍ ရှေးပညာရှိတို့စပ်ဆိုခဲ့ကြလေသည်။

လောဟိဘာ တမွ–ကြေးနီ၊ သောဠသ ဂဟ ပ ဏာ တဆဲ့ခြောက်ကျပ်ခွက်။သတ္တ၊အဂ်ု၊ဥဗ္ဘေဒါ၊ ခု နှစ်လက်သစ်အစောက်။ မုခ၊နဝ၊အဂ်ု၊ ရေခွက်မျက်နှာခုနှစ်လက်သစ်၊ပြုလုပ်၍ ဆဲ့သုံးနှစ်သွီးကညာ၏၊ ဆံပင်၊ဆဲ့ခြောက် ပင်ဝင်ရုံ ဖေါက်၍ ရေအင်တုံ့ချထား၍ တခါ နှစ်လျှင် တမောင်းကြ နာရီမှုူးများကတီးစေရသည်။

## မြို့တံခါးပိတ်ချိန်

ညနေမြန်မာ(၄)ချက်တီး ယခုစက် (၆) နာရီအချိန် တံခါးမကြီး –၄–မျက်နှာပိတ်လေသည်။ မည်သူမျှမဝင်ရ ဝင်လိုလျှင်(လွန်ကဲ)(သောင်းညွတ်)ကဲ့သို့ မလွယ် တံခါးမှဝင်ရသည်။ ၎င်းတံခါးကိုလည်း ညမြန်မာ(၁)ချက်တီး စက်နာရီ(၉)နာရီအချိန်ပိတ်သည်။မည်သူမျှထွက်ဝင်ခြင်း မပြုရတော့ချေ။

## တံခါးနီအုတ်မြို့ရိုး

အရှေ့ သစ်တပ်မှ အနောက် သို့ အတောင် ၃၀၀– ကျော်ခန့် နေရာတွင် အုတ်မြို့ရိုးရှိသည်။ မည်သူမဆို သွား လာနိုင်သည်၊ အုတ်မြို့ရိုးတံခါးတခုရှိသည်။ တံခါးနီခေါ် သည်၊ လူတိုင်းမဝင်ထွက်ရ။ မှူးတော် မတ်တော် သံတ မန်နှင့် မင်းမှုအရာထမ်းများ၊ သံဃာတော်များ၊ ဝင်နိုင် သည်။ တံခါးနီအနားတွင် မလွယ်တံခါးရှိသည်။ လူတိုင်း ဝင်ထွက်နိုင်သည်။သစ်တပ်တံခါး၊ တံခါးနီ တံခါး–၂–ခု ရှိရာ သစ်တပ်တံခါးကို (ရွှေတော် ယူရပ်) တံခါးဟုခေါ် တွင်သည်။

## ရွှေလွှတ်တော်ကြီး

တံခါးနီမြို့ရိုးအပြင် လက်ျာဘက် ၌ ရွှေလွှတ် ကြီး ရှိ သည်။ ကွန်းစဝ် –၁၂–လုံး စမြင် ခံ ယွန်းလည်ပေါ် နှင့် နာယောင် လေးဘက်ချ လှေခါး–၃–ဘက်နှင့် ဆောက် လုပ်ထား သည်။ လက်ဝဲ လက်ျာ တစင်းစီ အရှေ့ မင်း တက်လှေခါးနှင့်–၃ စင်းဖြစ်သည်။သီဟာသန ရာဇပလ္လင် တော်ရှိသည်၊ မင်းကေရာဇ်တို့ အကြောင်းအားလျော်စွာ ထွက်တော်မူသည်။ လွှတ်တော်၌ ဆောင်ရွက်ရသော အမှုများမှာ သာသနာရေး၊ ကျောင်း ဘုရား ဝတ္ထု ကံမှု စစ် လက်နက် ခန့်ထား ပေးအပ်မှု၊ နိုင်ငံခြားမှု၊ မြို့ စား စော်ဘွား အဝေးဝန် သူကြီးခန့်အပ်မှု၊ အယူ ခံမှု၊ သေ ပြစ်ဒဏ်များဖြစ်လေသည်။

## ရှေ့ရုံးတော်

နန်းတော်အရှေ့၊ ရွှေတော်ယူတံခါးရှေ့၊ဦးထိပ် တံခါးလမ်းတောင်ဘက် အမိုးသုံးထပ် လည်ပေါ် ကွန်းစင်တိုင်သည်မ၊ သည်ရုံ၊ ရွှေနန်းတော်ဘက်သို့ မျက်နှာ ပြု၍ဆောက်ထားသည်။ ရာဇဝတ်မှု ကြည့်ရှု စစ်ဆေးရ၍ ရာဇဝတ်ရုံးလည်းခေါ်သည်။ရာဇဝတ်ရုံး အရှေ့ဘက်၌ ရာဇဝတ်ကျူးလွန်သူများ အပြစ်မကျမီ ချုပ် နှောင် ထားရာလက်မထောက်တန်းရှိသည်။ ထောင်မှ တပါး လ က် မထောက်တန်းသည် အကျဉ်းကြပ်ဆုံးဖြစ်သည်။ဘွားဘက်ကျော်တန်းသည် သက်သာသေး၏။ ထိုမှဒိုင်းတော် တန်းထိုထက် လွှစလေးတန်း၊ ထိုထက် လက်ရသုံးတန်း၊ ၎င်းထက် လက်မထောက်တန်းကကြပ်လေသည်။ အမှု ထမ်းများများမှာ အကြီးအကဲကို လက်မထောက် ခေါ်သည်။ အငယ်ကိုလက်မရွှေ့ခေါ်သည်။

## ရာဇဝတ်အကျဉ်းထောင်

ရွှေနန်းတော်သစ်တပ်ရှေ့ ရွှေတော်ယူတံခါးအထွက် အင်္ဂလိပ်ရှိစဉ်က -၄-မှတ်ဂါတ်တဲ ထားသည့် နေရာဘွင် တောင်မြောက်(၂၅)တာရှိသည့်ဝင်းကို အမြင့်သံ (၈) တောင်ရှိသော ထုကပ်ဖြင့် ကာရံ ၍ ကျွန်း ပြင်နှင့် ဇလီ သတ် သည်။ ၎င်း ထောင် ဝင်း အ တွင်း ဝင် ထွက် ရန် တောင်မျက်နှာက တံခါးတပေါက်သာ ရှိသည်။ ဝင်းအလယ်က နေလိုက်ဆောက်သည့် ထောင်အဆောက်အဦး

တွင် (၄)ဘက်အုံးလက်ချ၍ အရှေ့ အနောက် အလျား (၁၆)ခန်း၊ အနံ (၁၀)ခန်း၊အဆောက် အဦး အလယ်တွင် တခန်းပတ်လည်ခြို့၍ အနံ(၈)ခန်း၊အလျား(၁၄) ခန်းကို ပျဉ်ထောင် အလုံကာ၍ အရှေ့ မျက်နှာမှ လူဝင်ရန် တံခါးတပေါက်သာရှိသည်။ အောက် ကြမ်းခင်း မှာ မြေနှင့် နှစ်တောင့် ထွာမြင့်သည်။ နေ့ အခါ ပင် လျှင် ထောင်တွင်းသို့ အလင်းရောင်မဝင်နိုင်၊ မှောင်အတိကျ၍ ကြောက်မက်ဘွယ်ရာဖြစ်သည်။

ထိပ်တုံးမှာလည်း ထောင် အတွင်း ထပ်၏ အလယ်တွင် အရှေ့ အနောက်တန်းလျက် ၃-၂-လက်မ၊မြက်-၈-လက်မ၊အလျား-၁၂-တောင်ရှိ ပျဉ်ပြား(၂)ချပ် ဆင့် ၍ အသယ်လောက်မှာ ခြေချင်းဝတ်ထား သာရုံမျှ အပေါက် တစုံတစုံစီ ဖေါက်လျက် အမြင့် အနိမ့်အလိုရှိရာ ပြောင်း လဲနိုင်သည်။

ထောင်ဝင်းအတွင်းတွင် အလယ်ထောင် အဆောက် အဦးအရှေ့ဘက် အလျား(၁၀)ခန်းရှိတထပ် တိုက်တွင် အလုံကာရံ၍ ဝင်ထွက်ရန် တပေါက်သာ ရှိသောကြောင့် မှောင်နေသည်၊ဝင်းအတွင်းတနင်္ဂနွေထောင့်တွင် (၄)ခန်း တဆင့် တိုက် တပေါက်သာ ရှိသည်။ ဝင်း တောင် ဘက် မျက်နှာ အဝင်တံခါး ပေါက်မှာ စောင့် ကြပ်သူတို့ နေရန် ကင်းတဲတလုံးစီနှင့် အကြီးအမှူးထောင်အစန်းတို့ နေရန် ကင်းတဲအရှေ့က အိမ်တလုံးထားရှိသည်။

## လူကိုကွင်းမျက်ပုံး

လူကိုသံခြေကျဉ်း -၃-ဆင့်-၄-ဆင့်ခပ်ပြီးမှ ကုလားထိပ်ကြီးတွင် ခြေနှဘက်စလုံးသွင်းလျက် ဦးခေါင်းစောက်ထိုး ခပ်မျှော့မျှော့ထားသည်။လည်ပင်းတွင် ချည်ကျိုး အလုံးလက်သန်းခန့်ဖြင့် ဘူးလယ်သီးချည်ပြီးလျှင် ကျိုးနှစ်စကို အာဏာအမှုထမ်းတို့က ဝဲယာတယောက်စီ မလှုပ်နိုင်မအော်နိုင်အောင် ခပ်တင်းတင်းဆွဲထားရသည်။ လူသတ်ပါးကွက် အမှုထမ်းက မသေမချင်းလည်မျိုကို သံဒုတ်နှင့်ရိုက်၍ စီရင်ရသည်။ အသက်ကုန်သောအခါ စဏ္ဍာလ-၅ စုံ့ဝင်အမှုထမ်းတို့အား ဖျာနှင့်လိပ်၍ ဦးပဲ့ ထမ်း လျက်သုသာန်အရောက်မြှုတ်နှံရသည်။

## မြို့ဝန်မင်းတို့၏ အာဏာ။

ဘုရင်ကောရာဇ်မင်းမြတ်က အထူးသဖြင့် သန္ဓါ ယုံမှတ်တော်မူ၍ အခွင့်အရေးပေးတော် မူသည့်အတိုင်း လူ ကိုအဆုံးစီရင်သင့်သည်ဟု ထင်လျှင် လွှတ်တော်သို့ တင်ရင်၍ (သုံးတန်း)မတောင်းဘဲ မင်းဒဏ် ခတ်၍ သတ် လေ့ရှိသည်။ပြီးမှလွှတ်တော်သို့အကြောင်းအရာထုံးစံအတိုင်းရေးသားလျှောက်ထား၍ သုံးတန်းတောင်းသည်။ ထိုကဲ့သို့ ရှေးပဝေဏီထုံးတမ်းကို မလိုက်နာသော်လည်း လွှတ်တော်ကအပြစ်တင်ခြင်းအလျှင်းမရှိချေ။

ဤကဲ့သို့မြို့ဝန် များ တန်ခိုး ရာဇ္ဇပါဒ်ပြည့်စုံသောကြောင့် သက္ကရာဇ်-၁၂၂၃-ခုနှစ် ကင်းဝန်မင်းကြီးဖြစ်လတံ့သော

ဦးကောင်းသည် စာရေးတော်ကြီးအရာ ထမ်းရွက်စဉ်က မြို့ဝန်ဦးသာအိုးကို ဘွဲ့ဆိုသောလေးချိုး။

ပါးပြင်မှာ မှင်ဆေးနှင့်။ ယဉ်ကျေးတဲ့ ပုံမူ။
ဓါးပြရန်ပယ်ကို။ နံလွယ်ကာကျိုးကြွန်ပိုက်
လို့။ ရှေ့လိုက်ဝဲယာကျင်း။မင်းမတ်တဆူ။
ကွန်းစင်တိုင်ရှေ့ရုံးမှာ။ တွေ့မှုံးချည့် ဘက်
မတူ။ ထွက်ပြူလို့ပေါ်စမ်း။ ။ ဆိုး သွမ်း
လျှင် ကျိုးကန်းတွင် မတန်ပေါင်ပ။ သံ တ
ဒေါင် နံမျှောင်ခင်းပါလို့။ နကွင်းတွင်သေ
ပေ စေတော့။ လူ မွှေ စီရင် လိုက်မည် ဟု။
ကင်းဝိုင်းလို့ဖမ်း။....။

## ရှေ့လိုက်ကြိမ်ကိုင်။

ဝန်ကြီး၊အတွင်းဝန်၊ဝန်ထောက်၊မြို့ဝန်၊ တရားသူကြီး အနောက်ဝန်များ၊ လှည်း ရထား စီး၍၎င်း။ ဆင် မြင်း နှင့်၎င်း ချေလျှင်သော်၎င်း သွားလာသည့် အခါတိုင် ရှေ့လိုက်ကြိမ်ကိုင် လူနှစ်ယောက်စီ ဝဲယာကလိုက်ရသည်။ လမ်းရှေ့ရင်ဆိုင်တွေ့သောသူကိုဘေးဆင်းထိုင်နေရသည်။ မဆင်းလျှင် ကြိမ် ကိုင်က ရိုက်နှက် အထိုင် ခိုင်း သည်။ သို့သော် ဝန်ကြီး ဝန်ထောက်တို့၏ ရှေ့လိုက် ဝဲယာ လူ နှစ်ယောက်စီမှာ —၁—လက်ရ —၂— သူရဲ—၃—ကောင် ဟန် ဟူသော သုံးတန်း အမှုထမ်းတို့က မောက်တိုနီ ဆောင်း လျက် ကြိမ်ကိုင် လိုက်ရသည်။ အတွင်းဝန်တို့ ရှေ့ လိုက် ၂—ယောက်စီမှာ ဒိုင်းတော်အမှုထမ်းတို့ပကတိအဝတ်စား

နှင့် ကြိမ်ကိုင်လိုက်ရသည်။ မြို့ဝန်တို့ရှေ့လိုက်နှစ်ယောက် စီမှာ ကျိုးကြိမ်ဂါးလွယ်ကိုင်ကာ အာဏာအမှုထမ်းတို့က လိုက်ရသည်။ အနောက်ဝန်တို့ရှေ့လိုက်မှာ အနောက်ရုံး အစေခံတို့ကလိုက်ရသည်။ တရားသူကြီးတို့ ရှေ့လိုက်မှာ သင့်ရာလူကို ခိုင်းသည်၊ သည်ကိုရည်၍ ရှေ့လိုက် ဲ့သော ကျင်းမင်းမတ်ဘဆူ)၊ ဟု စပ်လေသည်။ ရွှေမြို့တော်ဝန် မင်းများသာလျှင်အရှေ့ ရာဇဝတ်ရုံးကွန်းစင်တွင် နေ ခွင့် ရသည်ကို ရည်၍ (ကွန်းစင်တိုင်ရှေ့ရုံးမှာ) ဟူ၍စပ် သည်။ အရှည်ဘဘောင်ခန့် လုံးပါတ် တကိုင် ခန့် သံလုံး သံချောင်းကို သံတထောင်ဟု ခေါ်သည်။ လက်ကောက် ဝတ် နှစ်ဘက်ကို ပူး၍ ကျိုးသေးသေးနှင့် တင်း ကြပ်စွာ ချည်ပြီးမှ အာဏာသားက လက်နှစ်ဘက်ကိုသုည့်သည့်အ ခါ အသားထဲသို့ ကျိုးမြုတ်၍ ကြီး စွာ သော ဒုက္ခ ခံရ လေသည်။ (အနဝှင်း)ဟုခေါ်သည်။

## နောက်ရုံး။

နန်းမြို့တော် သစ်တပ်အနောက်တံခါးက အုတ် မြို့ရိုး ရှိ စည်ရှည် တံခါးသွားသော လမ်း မ တော်ကြီး တောင် ဘက် -၂-ထပ်သည်ပေါ် ကွန်းစင်တိုင်များနှင့် ရွှေနန်း တော်ရှိရာ အရှေ့ဘက်ရုံးဦးလှည့်၍ ဆောက်လုပ် ထား သည်အထိ ချန်လှပ်၍ နောက်ရုံးခေါ်သည်။

## လုပ်ဆောင်ရာ ကျုန်ဝင်သည့်စာရင်း။

တံခါးတော်-၁ ,-ရပ်၊ပြဿဒ်ရွှေပြည့်၊ အုတ် အင်ဒတ မြေနှုတ်မြေသွင်းပါ လှေခါးတော်လွတ်ကုန်ဝင်ရာ။

| | | |
|---|---|---|
| တံခါးတော် ၁ ခုလျှင်ကုန်ငွေ။ | ၂၀၈၇၉၀ | ၂။မူး |
| တံခါး–၁၂–ခု အစုစုကုန်ငွေ။ | ၂၅၀၅၅၀ | ၄။မူး |
| ထောင့်ပြသာဒ်ကြီးတခုလျှင်။ | ၁၇၂၅၆ | ၅။း ၁မဲ |
| ဓလးပြကုန်ငွေ။ | ၆၉၀၂၆ | ၂။မူး |
| ပြင်ယ်တခုကုန်ငွေ။ | ၃၇၄၇ | ၁။မူး ၁ပဲ |
| ပြင်ယ်(၃၂)ခုအစုစုကုန်ငွေ | ၁၁၉၉၀၈ | ၈။မူး |
| ထောင့်ပြကြီး၊ပြင်ယ်၊ ၄၈–ဆူ။ | ၄၃၉၄၈၅ | ၄။မူး |

## သင်္ခါရတရား

(အောင်၊ ကျော်၊ အောင်၊ဝ) တပေါင်းလဆန်းထ၊ တဆဲ့တစ်။

(ကြွက်မင်းနေ့မှန်) ဘိသိက်ခံ၊ နန်းစံမင်းတုန်းဖြစ်။

အက္ခရာနံသင့်အားဖြင့်–၁၂၁၄–ခုတပေါင်းလဆန်း ၁၁ ရက်ကြာသပတေးနေ့ ရွှေဘိုမြို့၌ ရာဇာဘိသိက်ခံယူတော်မူလေသည်။

(အ၊ကြောင်း၊လည်း၊နဲ့) နတ်ရွာစံ၊ စံမြဲမင်းတုန်းမင်း။

(ဝါကျွတ်ဆန်းစ)ဖြစ်ရက်ကျ၊ နေ့ကခြင်သေ့မင်း။

ဆိုသည်နှင့်အညီ–၁၂၄၀–ပြည့်သီတင်းကျွတ် လဆန်း ၆–ရက် အင်္ဂါနေ့–၂–ချက်တီးကျော် –၆–မောင်း အချိန်တွင် သီရိ ပဝရ ဝိဇယာ နန္တယသ ပဏ္ဍိတ တြိ ဘဝနာဒိ

တြာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ။ တံဆိပ်နာမံခံတော်မူသော ရတနာပုံ မြို့တည်နန်းတည် ပဌမ သံဂါယနာတင် ဘဝရှင်မင်းတရားကြီး နတ်ရွာစံတော်မူသည်။

သားတော်ဥပရာဇာ အိမ်ရှေ့မင်း (သီပေါမင်း)ငှင်း နေပင် မြောက်အိမ်တော်မှ ရွှေနန်းတော်သို့ ပြောင်း ရွှေ့ ခဲ့လေသည်။ ၁၂၄၀–ပြည့် တံဆောင်မုန်း လဆန်း (၉) ရက် နေ့ မှန်နန်းဘော် ဘမရာသန ပလ္လင်စိုက်ထားသော မနောဟရ ထီးဖြူ အသစ် လဲ၍ လဆန်း–၁၀–ရက် နေ့ ဘမရာသနပလ္လင် ရှေ့ နောက် ဝဲယာမှန်နန်းဆောင်အတွင်း ကဗ လာ ခင်း ကျင်း၍ ပွဲသဘင် စံလျက် သကြြန် တော် တံဆောင်းသို့ ဝေါတော်နှင့်ထွက်တော်မူ၍ ပရိတ် တော် ခံယူလျက်ငှင်းလဆန်း–၁၃–ရက်အခါတော်နှင့် နမတော် မြတောင်စုဘုရား (သီရိသုပဘာရတနာဒေဝီ)ကို မှန်နန်း တော်ရာဇပလ္လင်ထက်မှခမဟေသီဘိသိက် ခံတော်မူသည်။

## သာသနာသိက်၊ခင်ကြီးပျော်။

သီ၊သ၊သ၊သက်၊ပု၊အ၊ဥ၊မှမြေ၊သုဉ်ရွှေ၊ပတ၊ ကောင်း ကောင်းင။

## လေးဆစ်ချိုး

သီဟိုဠ်သရေကုံလို့။သထုံပုဂံရောက်။ ထို့
နောက်တဲ့အမရာ။ ပဲခူး သက်သာပန်းနှင့်။
သစ် တော က် ပလ္လင် နန်း။ မန္တလေး
အောင်ချာ။ တဂေါင်းနှင့် ကောင်းတုံပြင်
ဂေ.ာင်းငင်ပ'ာ ဥ ကျွန်း၊ ထွန်းလိမ့်ရောင်

ဝါ။ ။သာသနာ အဆုံးမှ။ ငအောင်ချမ်း။
နွေးပဥ္စာ။ တြိန်းကောဝမှ။တိသျှာငကေနှင်း။
ဒွိသတ္တာ၊အဌာကြလို့။ ခွေး ခွေး ဒွါ ဒွါ။
ရတယ်....သိုက်သာသနာကျမ်း....။

## တေးတပ်။

သာသနာ မြူးဟန်ကြွ။ မူးမန္တလပြည်ရွာ။
သီဟဥ္စဒီပါ။မန္တလာတကောင်း။ ။ကောင်း
စင်နှင့်၊ ကောင်း တုံ ပြည် တွင်။ နှစ်ရာစီ
(၂၀၀)စီသိကြစေကြောင်း။ ။ ဥဿာ နှင့်
အမရာ။တရာတရာနှစ်ပေါင်း။ ။ရွှေဘုံသာ
လေးရာ မစောင်း ပါဘု။ င ဆောင်း ချမ်း
သည့်အတူ။အင်းဝပြည်၊သုံးရာစီမှတ်ပါကြ။
သစ်တောက်ရုပ်ခုနှစ်ရာယူ။ ။သ ရေ ခေတ်
ငါးရာမူ။ ထောင် တဆူ ပုဂံ ဖြစ် သည် ဟု။
တည်ရာနှစ်ခွဲခဝပုံ။ ခွဲကြအာရုံ။ ။ပေါင်းစုံ
ကငါးခုထောင်ကုံသည်။ များရောင်စုံ ထွန်း
ပါလို့လေး။....။

ခြသေ့်နံအစ၊ဂဠုန်နံအဆုံး၊မင်း(၄၄)ဆက် ဖြစ်လတံ့
သာသနာ(၇၀၀)တိုင်လတံ့။မုဆိုးတကျိပ်ငါးရှိလတံ့ ဟု
အမျိုးမျိုးဆိုသော်လည်း မုဆိုး(၁၁)ဆက်နှင့်ပင် ၁၂၂၁
ခု နှစ်တည်ခဲ့သော (အောင်၊ကျော်၊ချမ်း၊ငေ) မန္တ လေး
သည်။ ၁၂၄၇–ခု (အင်္ဂလိပ်တက် ဗမာပျက် ဆိုသော)

သင်္ကြာတာအရ တံဆောင်မုန်းလဆုပ်(၈) ရက်နေ့ သီပေါ မင်း အသျှင်(၂)ပါး ရတနာဂီရိကျွန်းသို့ အင်္ဂလိပ် စစ်တပ် နှင့် ပါသွားတော်မူလေသည်၊ မြို့သက်(၂၆)နှစ်၊(၆)လ မင်း နှစ်ဆက်နှင့် တိမ်ပုပ်မျှားအုပ်ခဲ့လေသည်။

---

သိဃ်တံဆောင်၊ ဘုန်းတော်မှောင်၍ ကုန်းဘောင် နေမီး မထိန်ငြိမ်းခဲ့၊ တိုင်းကြီး ပြည်ကြီး၊ အချိုးနှ ဝိုး လျှင်၊ ထီးသုဉ်း နန်းသုဉ်း၊ မြို့သုဉ်း သုည၊ သုဉ်းသုံး ဝဖြင့်၊ ကြိုရသည်နှစ်၊ သုည ခေတ်ဝယ်၊ ဖြစ်ရပြန်ချေ၊ တို့တတွေသည်၊ သေဖသော်မှတည့် ခြေတော်ကောင်း၏။ ။ (ဆီးပနီဆရာတော်)

---

## ကုလားတက်သည်ဟုခေါ်ကြသည်။

၁၂၄၇ ခု တံဆောင်မုန်းလဆုပ်(၈) ရက်မှစ၍ ကာ နယ်စလေဒင် လက်အောက်၌ ယာယီအုပ်ချုပ်မှုကို အစိုး ရသစ်က အမှုထမ်းရန်သဘောတူကြသည်။

ခရာဇ်သက္ကရာဇ်–၁၈၈၆–ခု ဇန်နဝါရီလ(၁) ရက်နေ့ အထက်ဗမာပြည်ကို(ဗြိတိသျှအင်ပါယာ)ကမ္ဘာကို ကြေ ငြာလေသည်။ သီပေါမင်းမှာ ရတနာဂီရိကျွန်း –၁၂၇၈ ခု၊ နှစ်တွင် နတ်ရွာစံလေသည်။

## ရတနာဂီရိ၊ တကျွန်းရှိ၊ စံသည့်သီပေါမင်း စေ်ခွဲးသတ်အဋ္ဌ၊ ဗံညဉ်ပြတ်၊ နတ်ထံဘုံသို့ခြင် စတုဿည်းတော်အရေးတော်ပုံစာတမ်း။

မန္တလေးနန်းတော်ကြီးသည် ခမည်းတော်–မယ်တော် တို့ စံတော်မူစဉ်က ရွှေနန်းတော်ဖြစ်သော်လည်း ယခုအ

ခါ ဆေးနီ နန်းတော်ကလေး ခေါ်ရ မလောက် ဖြစ်နေကြောင်း နန်းတော်နှင့်ဆိုင်ရာ အဆောက် အဦး များကို ဖျက်သိမ်းသည့်ပြင် ကျန်ရှိသော အဆောင်များမှာ လင်းနို့ချေးများဖြင့် ညစ်ပတ်နေကြောင်းဖော်ပြခဲ့လေသည်။

ဟုတ်လဲဟုတ်ပါပေ၏ အင်္ဂလိပ် ရောက်၍ (၆) လ ခန့်တွင် လွှတ်တော်ဖျက်သိမ်းလိုက်၏။ ၎င်းနောက်သစ်တပ်အတွင်းရှိတရားရုံးရာဇဝတ်ရုံးနောက်ရုံး၊တောင်ဥယျာဉ်တွင်နေရာသီစံနန်းတော်၊ရွှေနန်းတော်ပေါ်တွင်၊တောင်ဒဝယ်မြောက်ဒဝယ်၊ ဗြဲတိုက်တော်၊ လေသာဆောင်၊ ကွန်းခန်းတော်အုတ်တိုက်၊နံ့သာနန်းတော်တို့ ဖျက်သိမ်းလေသည်။

**သစ်ငုပ်မြင့်တုံ၊ မြက်မြင့်တုံ။**

နှိပ်ကွပ်ရေးဥပဒေအမျိုးမျိုး၊ ကာကွယ်ရေးခံတပ်ကြီးအမျိုးမျိုး၊နယ်ချဲ့ရန် တပ်မဟာကြီး မြောက် များ စွာ နှင့် ပြည့်စုံ သော်သည်း (အောင်၊ဆန်း၊နှင့်၊လျင်) ဂျပန် ဝင်သက္ကရာဇ်-၁၃၀၄-ခု ကဆုန် လပြည့်ကျော် -၃-ရက်မန္တလေးသို့ ဂျပန်ဝင်သည့်၊၎င်းလက်ထက်ကိုယ်တွေ့ ဒုက္ခများ လူတိုင်းခံစားရ၍ ထည့်သွင်းမဖော်ပြတော့ပါ။

(ဂျပန်အုပ်စိုး သည်တမိုး။ အမေရိကန်မအောသေး ဖါထေးလို့ဝတ်)။

ပါးစပ်စကြာရသေ၁ဗမာများ၏ကောဋ္ဌာဟလအတိုင်းသက္ကရာဇ်-၁၃၀၆-ခု နောင်းတကူးလွှန်း-၇-ရက် တနင်းနွေ စက်(၁၁)နာရီအချိန် ရွှေနန်းတော်ကြီးကို မဟာမိတ်တို့ မီးလောင်ဗုံးပစ်ခတ်သည့်အတွက် နန်းတော်ကြီး ပြာကျ၍ ဖက်ဆစ်များထွက်ပြေးရကြသည်။

## ရွှေနန်းတော်ကြီးမီးလောင်ခြင်းတေးထပ်။

စစ်တြိဂ္ဂှာ သုညာဆ၊ နှောင်းတံကူး လ, ဆန်း
သတ္တာ၊ကျွဴးမင်းနံက်ဆဲ့တချက် အခါ၊ အထက်
အာကာဇလတစ်ကြီး၊–၃–လုံး၂ပါဒ်–၁၁–ဃဋ္ဋိ
မှာ၊အချက်ပြည်စွါအမြွေသံကဟီး။ လက်မင်း
ရာဇဟိုင်း နာဂါ ဇမ္ဗူမှာသာ ပျော်နေမှီး၊
ခြင်္သေ့ဗုဒ္ဓါကုမ်မှာကြီး၍။ကြွက်ပျော်မှီးတဲ့ကန်
ရပ်ခွင်၊ရဝိနှင့်သံ မိန်ဌာန၊ ပူးမင်း မိဿ၊ စန်း
ပြိဿာပေါ်တွင်၊ ဂျပန်ယုတ်တို့ ရန်ငုတ်မမြင်
အောင်၊ အမြန်သုတ် သင် အသေ ဖမ်း တာ မို့။
ရွှေနန်းမြေ ပြဿဒ်တော်၊မီးပြာကျသော်၊ ကုန်း
ဘောင်ညွန့်တက်နေတော်မှာ၊ ကြက်သရေနော်
ကွယ်ပျောက်ပါပေါ့လေး....။

ဤစာအုပ် ထုတ်ဝေသူကိုယ်တိုင် နန်းတော် မီးလောင်ခြင်းမှာ ၁၃၀၆–ခု နှောင်းတကူးလွှန်း(၇)ရက် ဟူ၍၎င်း ၅–၆–ရက်ဟူ၍၎င်း။–၁၅–နှစ်မျှ ရှိသေးသော မှတ်တမ်းတွင် ဝါဒမကွဲစေရန် နန်း တော်ရှေ့ ဘိသိတ် ဆရာကြီး ဦးဘသိန်းထံ သွား၍ မေးမြန်း ရာ အထက်ပါ မှတ် တမ်းတေးတပ်ကို ထုတ်၍ပေးလိုက်လေသည်။ သူကိုယ် တိုင်ပင် မကြေနပ်၍ ထွန်တုံးဆရာတော်ထံသွား၍ လျှောက်ထားရာ အောက်ပါမှတ်တမ်းကိုပေးသနားလိုက်လေသည်။

### မှာကြားလိုက်သည့်တကာမောင် ဘသိန်း။

ဘုန်းကြီးရေးမှတ်ထားသော နန်းတော် မီးသင့်သော အချိန်မှာ အောက်ပါအတိုင်းဖြစ်သည်။

သက္ကရာဇ်–၁၃၀၆–ခု နေ့စဉ်းတံကူး လွန်း –၇–ရက် စက်_၁၁–နာရီမြန်မာ နေ့–၁–ချက်တီးကျော် –၅– နာရီပါဒ်သုည[မိဿလက် ပြိဿစန်း အင်္ဂါတြိဗ်း သောကြာ နဝင်း –၂၇–လုံး –၂–ပါဒ်လက်စီးကျချက် မိတ်–၆–လုံး ၇–ဿဋ္ဌိ –၃–ဘွား အချိန် မီးလောင် သည်။ စင် နက္ခတ် ၃–လုံး–၂–ပါဒ် –၁၁–ဿဋ္ဌိဘုန်းကြီးမှာမီးလောင်တုန်း လမ်းသွားရင်း တွက်ချက်၍ ထားသောကြောင့် ပထမ၊မူနှင့် ကွဲခြား သော်လည်း ရက်နေ့ အချိန်မှာ တထပ် ထည်း ဖြစ်နေသည်။နန်းရွှေ့တိုက်တော်မီးသင့်ချိန်မှာတံကူးလွှန်း ၅–ရက် စနေနေ့–၃–နာရီ အချိန်ကိုလည်း ရေးပေးလိုက်ကြောင်းပြောဆို၍ ဦးဘသိန်းထံမှဖြစ်ပါသည်။

ဘလွင်။

## လွှတ်လပ်ရေး

၁၂၄၇–ခု တံဆောင်မုန်းလဆုပ်–၈–ရက်တနင်္ဂနွေ နေ့မှ ဗြိုတိကရက် နယ်ချဲ့ ဥပဒေပုဒ်မအမျိုးမျိုးတို့၏ အ လံ အောက်တွင် နေခဲ့ရ၍ –၆၂–ခုနှစ် ပြည့်ချိန်တွင် –၁၃၀၉ ခု ပြာသိုလဆုပ်–၉–ရက်တနင်္ဂနွေနေ့ အင်္ဂလိပ် –၁၉၄၈ ဇန်နဝါရီလ–၄–ရက်နံနက်စက်လေးနာရီအချိန်–၅–ပွင့် ကြယ် ပြည်ထောင်စုအလံတော်တင်လေသည်။

လွတ်လပ်ရေးကြေငြာသည့် နေ့တွင် ရန် ကုန် မြို့ မ အလင်းသတင်းစာ မျက်နှာဖုံးတွင် ရုပ်ပုံများမှာ သုဿန်နှင့် မြေပုံတွေကို ရေးဆွဲပြထားလေသည်။ တင်ကြို၍ ပြထားသော လွတ်လပ်ရေးအရသည်ကား အဓိပ္ပါယ်ပေါက်

လှပေသည်။ ယခုလက်ရှိအကြွားအမြင်အတွေ့ -၃-ရပ်ကို တင်ပြလိုသော်လည်းနိုင်ငံရေးနှင့်ပရောဂမကင်း၊ ထင်မှတ်မည်စိုး၍ဖေါ်မပြလိုက်တော့ပါ။ အချုပ်တန်း(ဆရာဘေ)ရေးထားခဲ့သောတေးထပ်ကိုပင်စာမြုံ့ပြန်၍ဘတ်မိ လေလေတော့၏။

ကာလနှယ်ဆိုးပါဘိ၊သူခိုးကလူလူ၊အလေ့ပေါက်မင်းမူ။ အိမ်သူကိုညှော်မောင်း။ ။သူကောင်းကို အပြစ်တင်။ဘောင်ယာရှင်၊မြောက်တွေကမောင်း။ ။လေးတရာဆီ အမှန်၊ ရေနံလောက် မကောင်း။ ။စိတ်အနေ ရုပ်ပြောင်းလို့။ မူးချောင်းကို မြစ်ထင်၊ ဒုရိယာနတ်စည်စောင်းကိုလ။ သူဖုန်းတောင်းကတဲ့အသွင်။ ဝါးလုံးခေါင်းလသာချင်။ အိမ်ထဲတွင်ကင်းလှည့်လို့။ခင်းမတဲ့မုန်းဇာတ်ရှာ။စုံးမှတ်ခဲ့တာခများဖြင့်မှုသွားပါတယ်။လူ့ဘုရားတကာ မှိန်နွမ်းရဲ့လေး။ ။

## နောက်တပုဒ်။

မြက်နာပေးမမာကြနှင့်။ထာဝရပြုံးပါ။ ။ကာလနလုံးနာတယ်။မုံးစရာကရို့။ ။လေပြင်းလျှင်။ဥပ်ဆက်ကွာအောင်။ဒုတ်စကြာလွတ်တဲ့ခါမို့။ ။ဇာတ်တူချင်း ယခုခါ မှာ။ဂရုဏာကွာလို့။အမှုသာရှာဘို့ပ။ ဗမာတို့စိတ်မှာ။ဥပုသ်သယ်ဒမြရှိးလို့။ တရာ့ ကိုးဖမ်းတဲ့ခါ၊ ဝွဘမျိုး မချမ်း သာတာသ် ။ ။ဘလန်းခါညာဏ်ရှုပ်လို့။သံဒုတ်နှင့်ဇီဝိန်ချွေ၊တိုင်းပြေသိပေ။ ။လိမ္မာမှအသက်ရှည်မယ်။အခက်တွေပွေလွှန်းလှလေ။....။

၁၃၀၈–ခုနှစ် နတ်တော်လဆန်း–၁၃–ရက် သောကြာ နေ့ထုတ် လူထု သတင်းစာတွင် ရဟန်းပျို ဆရာတော် ဥက္ကဋ္ဌ မေးချက်ဖြင့် မန္တလေးတောင်ပြင် နက္ခတ် ဆရာတင် ရေးသည့်–၁၃၀၉–ခု စနေဂြိုလ်ကာရကင်ရာသီတွင် ဗျာဿဆာကျင့်သော အဟောတေးထပ်–၆–ပုဒ်တွင် တပုဒ်ကို ထည့်လိုက်ပါသည်။

ထောင့်သုံးရာစွန်းနဝ။ထွန်းသမျှကောဇာ။
ဂွိုန်းထ၍ ဒါပါတယ်။နေ့စနဝထပ်လောင်း။
ကံသုံးရပ်သတ္တမီတွင်။ နတ် နဂါး ဗျာဿနှင့်
ပြောင်း။ကဏ္ဍရာသီမှာ။ပြေဒ္ဒါနီအပေါင်း
ရောကြာပြီ မကောင်း လို့။ အကြောင်း နှင့်
တံ့ကြိုဆိုင်။ ဂဏ္ဍာအိမ်တက်ကြွပြုံးတါကြောင့်
လက်စတုန်းဘုန်းနှင့်ကံပြိုင်။ ဘယ် ဆီ က
ဘယ်မင်းနိုင်မည်၊ ရွယ်ရင်းတိုင် ခက်ခဲ့ ပေ့
နက်နဲတဲ့ကျမ်းဗေဒင်။ဟောစပြလို့ပြင်၊ ကိုးခု
နှစ်။ဆောင်းအဝင်မှာ။သေါင်းတခွင်ခက်ပြီး
ထင့်လေး။....။

ဆရာဘေနှင့်၊ဆရာတင်ကို ဤစာဖြင့် ကန်တော့ လိုက်ပါ၏။

## ရတနာပုံမြို့တော်အနှစ်တရာပြည့်ချိန်။

မင်းလှသခ်ယာ စလေဆရာကြီးဦးပုညရေး မန္တလေး ဘွဲ့ ရှစ်ဆယ်ပေါ်လူးတား၏။

သုံးသိန်း သုံးထောင် လေးသောင်း ထိပ်။
နှစ်ကျိတ် ရှစ်ဆယ့်မဟာဝင်။ အတိတ်ဖြစ်
ပျက် ကမ္ဘာ့ တွင် အောင်။ ဘယ်ရာဇာပင်မစံ
မြန်း။ ။လေးဆဲ့ရှစ်ရပ်။ ပြုသဒ် ရန်သည်။
နတ်ဝိသုကံ။ သစ်လင်းဖန်သည့်ကြွင်နန်း။....။

(လူးတားညှတ်) ရှစ်သောင်းလေးထောင်။
နှစ်ပြန်ဆောင်သား။မြန်အောင်ဗဟိုမြမြင့်မိုရ်
ဝယ်။ရေညိုခွေချပ်။ဂဟောထပ်လျှက်။ မြေစပ်
ခမ်းဝါ။ ကဲ့ပမာသို့။မန္တါဘူဘပတ်။မြေဥဒ္ဒြွ
လည်း။လူနတ်ချီပင့်။ပလ္လင့်သဏ္ဍာန်။ ဘုံဗိမ္ဘာန်
ဝယ်။ဝေယံကြွင်နန်း။သိကြားနန်းသို့။တသန်း
ခြည်ရောင်။ သုံးထိုက်လောင်သည်။ အခေါင်
သေဋ္ဌမင်းတည့်လေး။ ။ဝိသုဒ္ဓိ ပွင့်မန်း တည်
သည့်နန်း။....။

(တေးဆက်)အိုင်ရေနဝဒတ်၊ နှင်းတန္တိလို။ ရွှေကျုံး
ဂမ္ဘီရန်ကာသန်း။ပြည်ကြီးမာန်ပေါင်။လောကမန်းနှင့်။
ရွှေတောင်ရွှေနန်း။ ကြက်သရေ၊ ရွှေလောင်း ရွှေလှေ၊
ထွေထွေယှက်။တေဇော်ရွှေစက် လက်ျာရေရစ်ခွေ၊ရတနာ
ဘုမ္မိတိုင်း မှာနေ။ သမိုင်း စာခွေ ထိန်ထိန်လှစ်လို့ နေ
အိန္ဒရာဇ်နတ်ရှင်ခေတ်ပေ။အံ့မျိုးသာစွထွေ။ရွှေနန်းစံသက်
မနှဲ့ဒေလို။ပုံတောင်းစက်ရွှေ၊ဆိုက်ပွဲခါဘုရား့လေး။....။

**ရွှေမန်းနှစ်တရာ၊ ခေတ်အခါ**
**ဤမျှနှင့်သာ။**

(ဗမာပိုင်)

ထူးခြားကောင်းမွန်သော

# ထွန်းသောင်

ကော်ဖီကို လူသုံးများ၏

## အမြို့မြို့ဆိုင်တိုင်း ရနိုင်ပါသည်။

ဈေးတောင်ဘက်၊ စစ်ကိုင်းမြို့။

---

သမားတော်ကြီး၊

# ဦးနေရောင်

၏

## ဆေးနီကျော်

နှင့်

## ဆီးရှင်ဝမ်းနုတ်ဆေး

ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

ဦးနေရောင်ဆေးတိုက်၊

၇၂-အထက်ပုဇွန်တောင်။ ရန်ကုန်မြို့၊

တိုက်ခွဲ-ရွှေနန်းတော်စတိုး၊

၃၂ လမ်း၊ ယွန်းတန်း-မန္တလေးမြို့၊